
The New York Times | Book Review | 10 Best Books of 2018 |



# ပညာကို ဘယ်လိုရှာ

# Educated

A MEMOIR

#1 NEW YORK TIMES BESTSELLER

TARA WESTOVER

# Educated

# ပညာကို ဘယ်လိုရှာ

Author: Tara Westover

ပြန်ဆိုသူ- ကိုနေ ( Y.I.E)

*

## အကြောင်းအရာ အကျဉ်း

*

ဒီစာအုပ်ထဲက အဓိက ဇာတ်ကောင်ဖြစ်တဲ့ တာရာဝက်စ်အိုဗာ ဆိုတဲ့ အမျိုးသမီးက သူမအသက် ၁၇ နှစ်ထိ ကျောင်းမတက်ခဲ့ရပါဘူး။ နောက်ဆုံးအခွင့်အရေးတစ်ခုရလာခဲ့တဲ့ အချိန်မှာတော့ သူမက ရဲရင့်တဲ့ သန္နိဋ္ဌာန်တစ်ခု ချနိုင်ခဲ့ ပြီးတော့ မဆုတ်မနစ် လေ့လာကြိုးပမ်းခဲ့ပါတယ်။ ဘရစ်ဂမ်ရန်း တက္ကသိုလ်ကို တက်ရောက်ခွင့်ရခဲ့သလို ပါရဂူဘွဲ့ကိုလည်း ကမ်းဘရစ်ချ် တက္ကသိုလ်ကနေ ရယူနိုင်ခဲ့ပြီးတော့ သူမရဲ့ကံကြမ္မာကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒီစာအုပ်မှာတော့ စာရေးသူက သူမမိသားစုရဲ့ ကန့်သတ်ချက်တွေကို ချိုးဖောက်ပြီးတော့ ဘဝကြမ္မာကို တစ်ဆင့်ချင်း ပြောင်းလဲနိုင်ခဲ့တာတွေကို ပြန်ပြောင်း ရေးသားထားတာ ဖြစ်ပါတယ်။ ပထမဆုံး ထုတ်ဝေပြီးတဲ့အချိန်မှာပဲ နယူးယောက်တိုင်းမ်စ် ရဲ့ အရောင်းရဆုံးစာအုပ် ဖြစ်ခဲ့ သလို ဘီလ်ဂိတ်ရဲ့ ၂၀၁၈ အတွက် အဖတ်သင့်ဆုံး စာအုပ်စာရင်းမှာလည်း ပါဝင်ခဲ့ပါတယ်။

စာရေးသူ တာရာက အမေရိကန်လူမျိုး သမိုင်းပညာရှင်တစ်ဦးပါ ။ ဘရစ်

ဂန်ရန်း တက္ကသိုလ် ( Brigham Young University ) ကိုတက်ရောက်ချိန်မှာ (ဟုမ်းစခိုးလ်လင်း) Home Schooling လို့ ခေါ်တဲ့ အိမ်တွင်းသင်ယူခဲ့သူ အနေနဲ့ ဝင်ရောက်ခွင့်ရခဲ့တာ ဖြစ်ပြီး ၂၀၀၈ မှာ ဘွဲ့ ရခဲ့ပါတယ်။ အဲဒီနောက် ကမ်းဘရစ်ချ် တက္ကသိုလ်တက်ရောက်ခွင့် ရခဲ့ပြီး ၂၀၀၉ မှာ ဒဿနဗေဒ နဲ့ မာစတာဘွဲ့ ရခဲ့သလို ၂၀၁၄ မှာတော့ သမိုင်းဆိုင်ရာပါရဂူ ဘွဲ့ထပ်မံရရှိခဲ့ပါတယ်။ ၂၀၁၉ မှာထုတ်ဝေခဲ့တဲ့ သူမရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်နဲ့ တိုင်းမ်စ်က သတ်မှတ်တဲ့ တစ်နှစ်တာအတွက် အလွှမ်းမိုးနိုင်ဆုံးလူပုဂ္ဂိုလ်စာရင်း ဝင်စေခဲ့ပါတယ်။

အိုက်ဒါဟိုး တောင်တန်းတွေပေါ်မှာ တဲ့ မိသားစုတစ်ခုထဲက မိဘနှစ်ပါး မှာ ကလေး ခုနစ်ယောက် ရှိပါတယ် ။ တောင်ပေါ် ထုံးစံအတိုင်း ကလေး တွေကို အိမ်မှာပဲ မီးဖွားခဲ့တာဖြစ်သလို မွေးစာရင်းလည်း မရှိကြပါဘူး ။ အဲ ဒီ့ကလေး တွေက ကျောင်းမတက်ကြရသလို နေထိုင်မကောင်းဖြစ်တာမျိုး နဲ့ ထိခိုက်ဒဏ်ရာရတာမျိုးကလွဲရင် ဆရာဝန်နဲ့လည်း တွေ့ခွင့်ရဖို့ မဖြစ်နိုင် ကြပါဘူး ။ စာရေးသူက ကလေးခုနှစ်ယောက်ထဲက အငယ်ဆုံးကလေးဖြစ် ပါတယ်။ သူ့ဖခင်က ပစ္စည်းဟောင်းတွေ အရောင်းအဝယ်လုပ်လို့ တာရာ လေးက အဲဒီ့အလုပ်ခွင်ထဲမှာပဲ သူမရဲ့ကလေးဘဝတစ်လျှောက် ကြီးပြင်း လာခဲ့ရပါတယ်။ ပညာရေး ဆိုတာ ဘယ်ဆီနေမှန်း မသိခဲ့တဲ့ ဘဝပါပဲ ။ စက်သံ ၊ ကရိန်းသံတွေကြားမှာပဲ နေထိုင်းရင်း အသက် ၁၇ နှစ် ပြည့်ခဲ့ သလို ဘယ်စာသင် ကျောင်းကိုမှာလည်း ခြေမချခဲ့ဖူးပါဘူး ။ သူမရဲ့ အကို ဖြစ်သူ ရှောင် ရဲ့ နှိပ်စက်မှုတွေကို အထိတ်တလန့်နဲ့ စောင့်စား နေထိုင်ခဲ့ရ တဲ့ ဘဝမှာပဲ အကြောက်တရား အမှီပြုပြီးတော့ ကြီးပြင်းခဲ့ရရှာပါတယ်။

ဒီလိုမျိုး ဘေးဒဏ်တွေကြားက ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတဲ့နောက် သူမရဲ့ အိမ်တွင်းကျောင်းတက်ဖို့ စာရင်း သွင်းထားတဲ့ ဘရစ်ဂမ်တက္ကသိုလ်

ကို ထွက်ပေါက်အနေနဲ့ တွေ့ရှိခဲ့ပါတယ်။ အဲဒီ့ကျောင်းကနေ ဘွဲ့ရပြီးတဲ့ နောက် ဟားဗတ် ကနေ ပါရဂူဘွဲ့ ထပ်ရခဲ့တာဖြစ်ပါတယ်။ သူမရဲ့ အကြောင်းကို ရေးထားတဲ့ ဒီစာအုပ်ကလေးက ပိတ်မိနေတဲ့ မိသားစုထဲက နေ ဘယ်လိုမျိုး ထွက်လာနိုင်ခဲ့ပြီး ၊ ဘဝကို ဘယ်လိုပြောင်းလဲခဲ့တယ်ဆို တာကို ပြောပြသွားမှာ ဖြစ်ပါတယ်။

ဒီစာအုပ်က သူကြီးပြင်းလာတဲ့ ဘဝနဲ့ ပညာသင်ဖို့ အားထုတ်ခဲ့ရတဲ့ အကြောင်းတွေကို တခြားသူတစ်ယောက်က ဘေးကနေ ပြောပြနေသလို ရေးပြထားပါတယ်။ ပညာရေးတစ်ခုက အန္တိုင်းမဲ့တဲ့ ဖြစ်နိုင်ခြေတွေ ဖြစ်စေ နိုင်တာကို မြင်တွေ့ ရနိုင်ပါတယ်။ ၂၀၁၈ မှာ ထုတ်ဝေခဲ့တဲ့ ပထမဆုံး စာအုပ်ဖြစ်ပြီး ဗွေဆော်ဦးမှာပဲ အကြီးအကျယ် အောင်မြင်ခဲ့တဲ့ စာအုပ် ဖြစ် ပါတယ်။ ထုတ်ဝေပြီးနောက် အမေရိကန်နိုင်ငံရဲ့ အရောင်းရဆုံးစာရင်းတွေ အားလုံးနီးပါးမှာ ပါဝင်ခဲ့ပြီး ၂၀၁၈ အတွက် အလွှမ်းမိုးနိုင်ဆုံး စာရင်းဝင်ခဲ့ တာ ဖြစ်ပါတယ်။ " သူမရဲ့ ဆိုးရွားတဲ့ ငယ်ဘဝကို ဖတ်ရင်း ကိုယ့်ငယ်ဘဝ ကိုတောင် ပြန်ပြီးအောက်မေ့စေတယ် " လို့ ဘီလ်ဂိတ် ကပြောခဲ့ပြီး " အံ့ သြစရာကောင်းတဲ့ ဇာတ်လမ်းဖြစ်သလို တကယ့်ကို အတုယူ စရာပါပဲ ၊ ကြားဖူးကြတဲ့ ဇာတ်လမ်းတွေထက်ကို ပိုကောင်းပါတယ် " လို့လည်း ညွှန်းဆိုခဲ့ပါတယ်။

ဒီစာအုပ်မှာပါဝင်တဲ့ အဓိကအကြောင်းအရာတွေကို သုံးပိုင်းခွဲပြီး ပြောပြ ပေးသွားမှာ ဖြစ်ပါတယ်။ သူမရဲ့ မိသားစု ထဲကနေ ဘယ်လိုမျိုး ရုန်းထွက် လာသလဲ ? ၊ ပညာရေးကိုအသုံးချပြီး သူမရဲ့ ဘဝနဲ့ ကံကြမ္မာကို ဘယ်လို ပြောင်းလဲနိုင်ခဲ့သလို ဆိုတာတွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

စာအုပ် ရဲ့ အနှစ်ချုပ် အနေနဲ့ အပိုင်း (၃) ပိုင်းခွဲပြီး ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

၁) ပညာမသင်ကြားမှီက ခက်ခဲကြမ်းတမ်းတဲ့ ဘဝခရီး

၂) ပညာသင်ကြားခြင်း နှင့် အတွေးအခေါ်ဟောင်းများကို တိုက်ထုတ်ခြင်း

၃) အဆင်မြင့်ပညာများသင်ကြားပြီး ဘဝလမ်းကြောင်းကို ပုံဖော်နိုင်ခြင်း

……တို့ပဲ ဖြစ်ပါတယ်။

***